# မောင်းမကန်ကျေးရွာပိုင်ဧရိယာအတွင်း အများပိုင်ကုမ္ပဏီများ ဟိုတယ်စီမံကိန်းများ အကောင်အထည်ဖေါ်လျက်ရှိသည့်အပေါ် မောင်းမကန်ကျေးရွာသူ/ကျေးရွာသားများ၏သဘောထားထုတ်ပြန်ချက်

ထားဝယ်ခရိုင် ၊လောင်းလုံးမြို့နယ်၊ မောင်းမကန်ကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်ကတည်းက တည်ရှိသော ကျေးရွာတစ်ရွာဖြစ်ပြီး ဒေသခံအများစုမှာ ပင်လယ်ငါးဖမ်းလုပ်ငန်းဖြင့် အဓိကသက်မွေးဝမ်းကျောင်းပြုကာ လုပ်ကိုင်လျက်ရှိသော ကျေး ရွာတစ်ရွာဖြစ်သည်။

လက်ရှိအချိန်တွင် ကျေးရွာဧရိယာများသည် သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော အတွင်းကျရောက်လျက် ရှိပါသည်။

မောင်းမကန်ကမ်းခြေတွင် ဟိုတယ်စီမံကိန်းများကို ထားဝယ်ဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီ(DDPC)က ၂၀၁၂ခုနှစ်၊ ဩဂုတ်လ မှစတင်ကာ လုပ်ဆောင်လာခဲ့ပြီး၊ တနင်္သာရီဖွံ့ဖြိုးတိုးတက်ရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီ (TDDPC)က ၂၀၁၃ခုနှစ်၊ တွင် ထပ်မံလုပ်ဆောင်လာခဲ့ပါသည်။

ယင်းကမ်းခြေရှိတပ်မတော်မှသိမ်းယူထားသော မြေဧရိယာမှ ဧက (၅၀)ခန့်တွင် DDPC အများပိုင်ကုမ္ပဏီမှ ကနဦး ဘန်ဂလိုများကို တည်ဆောက်လာပြီးနောက် ၂၀၁၄ ခုနှစ်၌ မြေဧရိယာ(၁၄၈.၄၀)ဧကတွင် ဟိုတယ်စီမံကိန်း တည်ဆောက်ရန်လုပ်ပိုင်ခွင့်ရရှိခဲ့ပါသည်။

၂၀၁၅ခုနှစ်၊ ဖွန်လ တွင် DDPC အများပိုင်ကုမ္ပဏီက လုပ်ပိုင်ခွင့်၂၅၄.၈၀ ဧကကို ထပ်မံမြေယာအသုံးပြုခွင့်ရရှိရန် လျှောက်ထား လာခဲ့ပြန်သည်။

## လက်ရှိအချိန်တွင် ဒေသခံများကြုံတွေ့နေရသည်များ

၁။DDPC အများပိုင်ကုမ္ပဏီမှ ဟိုတယ်စီမံကိန်းတည်ဆောက်မည့် မြေနေရာများသည် ကျေးရွာ၏စားကျက်မြေဖြစ်ပြီး၊ ယင်းမြေဧရိ ယာအတွင်း၌ စီမံကိန်းဖော်ဆောင်လာပြီးနောက် ကျေးရွာသူ/ရွာသားများ ဝမ်းစာအတွက် ရှာဖွေစားသောက်လျက်ရှိသော သီးနှံများ နှင့်သားငါးများကို ရှာဖွေရန်အခက်အခဲဖြစ်ပေါ်လာခဲ့ပါသည်။

၂။DDPC အများပိုင်ကုမ္ပဏီ၏ ဧရိယာသတ်မှတ်ပြီး ခြံစည်းရိုးကာရံထားသည့်နေရာမှာ ယခင်ငါးဖမ်းရန် စက်လှေဆိပ်သို့ သွားရာ လမ်းများဖြစ်၍ ရေလုပ်သားများ သွားလာရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။

၃။မောင်းမကန်ဒေသခံများ နှင့်DDPC ကုမ္ပဏီ၏ အမှုဆောင်အဖွဲ့ဝင်တို့ ၂၀၁၂ခုနှစ်၊ ဩဂုတ်လ၂၆ရက်နေ့ တွေ့ဆုံအချိန်တွင် ယင်းအများပိုင်ကုမ္ပဏီဥက္ကဋ္ဌ ဦးခင်စိုးက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုလုပ်ဆောင်ပေးပါမည်ဟု ပြောဆိုထားသော်လည်း အကောင်အထည်ဖော်မှုအားနည်းလျက်ရှိပါသည်။

၄။သက်ဆိုင်ရာတာဝန်ရှိသူများ နှင့် ဆက်စပ်သောရာဌာနများသည် ကျေးရွာဒေသခံများ၏ အကျိုးစီးပွားထက် အများပိုင်ကုမ္ပဏီ၏ အကျိုးစီးပွားကို ပိုမိုအလေးပေးကာ လုပ်ဆောင်လျက်ရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။

-မိမိတို့၏ဘိုးဘွားပိုင်မြေများအပေါ်တွင် သက်မွေးဝမ်းကျောင်းအတွက် ရှာဖွေစားသောက်ခွင့်မရရှိဘဲ၊ အများပိုင်ကုမ္ပဏီများကိုသာ လုပ်ပိုင်ခွင့်ပြုခြင်း။

-DDPC အများပိုင်ကုမ္ပဏီ လုပ်ကိုင်သည့် မြေဧရိယာအချို့သည် မောင်းမကန်သစ်တောကြိုးပိုင်/ကြိုးပြင်ကာကွယ်တောများမှ ပယ် ဖျက်ပေးသော်လည်း ၊ကျေးရွာပိုင်မြေများကို သစ်တောကြိုးပြင်ကာကွယ်တောမှ မပယ်ဖျက်ပေးခြင်း။

၅။DDPC အများပိုင်ကုမ္ပဏီ မှ မောင်းမကန်ကမ်းခြေတွင် ကနဦး ဆောက်လုပ်ထားသော ဘန်ဂလိုများအား တဆင့်ခံ အငှားချထားသည်ကို လေ့လာသိရှိရသဖြင့် ယင်းအများပိုင်ကုမ္ပဏီမှ ထပ်မံလျှောက်ထားဆဲမြေဧရိယာကိုလည်း မည်သို့အသုံးပြုလာမည်ကို မေးခွန်းထုတ်စရာဖြစ်လာပါသည်။

ထို့ကြောင့် အများပိုင်ကုမ္ပဏီများအား မောင်းမကန်ကျေးရွာဧရိယာအတွင်း၌ စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုသကဲ့သို့ မောင်မကန်ကျေး ရွာသူ/ကျေးရွာသားများ၏ မိဘဘိုးဘွားအစဉ်အဆက် လုပ်ကိုင်စားသောက်နေထိုင်ခဲ့လာသော မြေဧရိယာများကိုလည်း  အများပိုင်ကုမ္ပဏီများ နည်းတူ မြေယာအသုံးပြုလုပ်ကိုင်ခွင့်ရရှိစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်စပ်ဌာနများ က လျှင်မြန်စွာလုပ်ဆောင်ပေးရန် လိုအပ်နေပြီဖြစ်ကြောင်း မောင်းမကန်ကျေးရွာသူ/ရွာသားများကသဘောထား ထုတ်ပြန်လိုက်ပါသည်။

မောင်းမကန်ကျေးရွာသူ၊ကျေးရွာသားများ

ရက်စွဲ။  ၂၀၁၅ခုနှစ်၊ ဇူလိုင်လ (  ၁၁  )ရက်။

ဆက်သွယ်ရန်

ဦးထွန်းကြည်                    ၀၉၄၅၀၉၉၄၈၃၂

ဦးဝင်းနိုင်                    ၀၉၄၅၀၉၉၁၆၆၂